
ဒဂုန်ရွှေမျှား
ကြက်ဖူးစာ
နှင့်
မြင်ဂျင်ဆန်းကြယ်
ဝတ္ထုတိုများ

# ဒဂုန်ရွှေမျှား
## (၁၈၉၅- ၁၉၈၂)

ဒဂုန်ရွှေမျှားသည် ၁၈၉၅ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့တွင် ပြည်မြို့၌ အဖကုန်သည် ဦးချစ်ထွန်း၊ အမိဒေါ်စော (စောကလေး)တို့ မှ မွေးဖွားခဲ့သော တစ်ဦးတည်းသောသား ဖြစ်သည် ။ အမည်ရင်း ဦးတင်၊ ငယ်စဉ်က အိမ်တွင် မြန်မာ-အင်္ဂလိပ်ဆရာများ ဖြင့် ပညာစတင်သင်ကြားခဲ့ပြီး တတိယတန်းမှ စ၍ ပြည်မြို့ အစိုးရ ဟိုက်စကူးကျောင်းတွင် တတိယတန်းမှ ဒသမတန်း အောင်သည် အထိ သင်ကြားခဲ့သည် ။ ၁၉၁၃-၁၄ခုနှစ်တွင် ဒသမတန်း အောင်မြင်ခဲ့သည် ။ ရန်ကုန် တက္ကသိုလ်တွင် ခေတ္တမျှ တက်ရောက် သင်ကြားခဲ့သည် ။ နောက် စပါးကုန်သည် အလုပ်လုပ်သည် ။ ထိုသို့လုပ်ရင်း စပါးကုန်သည် ၊ မြေပိုင်ရှင်၊ သမာဓိမြို့ဝန် ဦးပြုံး၏ သမီး ဒေါ်သိန်းခင်နှင့် လက်ထပ်ခဲ့သည် ။ ၁၉၂၇ ခုနှစ်တွင် ရှေ့နေစာမေးပွဲ အောင်မြင်၍ ရှေ့နေဘဝ၊ နောက် သတင်းစာ ကိုယ်စားလှယ်၊ သတင်းထောက်၊ စာရေးဆရာ၊ အယ်ဒီတာ ဘဝများကို ရရှိခဲ့ပြီး စစ်ကြိုခေတ်၊ မြန်မာ စာရေးဆရာများ ပေါ်ဦးပေါ်ဖျား ကာလမှာ ပင် "ပြည်မောင်တင်" ကလောင်အမည်၊ နောင် "ဒဂုန်ရွှေမျှား" ဖြစ်လာခဲ့သည် ။

၁၉၁၇ ခုနှစ် မတ်လတွင် သူရိယမဂ္ဂဇင်း ထွက်ပေါ်လာသောအခါ "

ဝတ္ထုရေးသူများကို ဆုပေးမည့် အကြောင်း" ပါလာသဖြင့် "ဝီလျံရှိတ်စပြီးယား"(William Shakespere) ၏ "အော်သယ်လို" (Othello) ပြဇာတ်ပုံဝတ္ထုကို မြန်မာမှုပြု၍ "ချင်းဗိုလ်မောင်တက်တူ" အမည်ခံပြီး ပါဝင်ယှဉ်ပြိုင်ရာ မေလထုတ် သူရိယမဂ္ဂဇင်း (ရေးသူဆုရသည် ) ကဏ္ဍာတွင် စတင်ဖော်ပြခံရသည် ။ ဆုငွေ ၁၅/ ကျပ်ရသည် ။ ဒဂုန်ရွှေမျှား၏ ပထမဦးဆုံး ဝတ္ထုတိုလက်ရာ ဖြစ်သည် ။ နောက် သူရိယ၊ ဒဂုန်၊ မြန်မာ့အလင်း၊ ကြည်တော်မူ အစရှိသော မဂ္ဂဇင်းများ တွင် ဝတ္ထုစာပေလက်ရာများ ဆက်လက်ရေးသားခဲ့သည် ။ ဆောင်းပါးအနေဖြင့် သူရိယမဂ္ဂဇင်းမှာ ပင် Wide World မဂ္ဂဇင်းမှ ဂျာမန်စစ်သံ့ပန်း အင်္ဂလိပ်စစ်ဗိုလ် တစ်ယောက် အကြောင်း ဆောင်းပါးသည် ဒဂုန်ရွှေမျှား၏ ပထမဦးဆုံး ဆောင်းပါးလက်ရာ ဖြစ်သည် ။

ပထမဦးဆုံး မဂ္ဂဇင်းဝတ္ထုရှည်"လျှို့ဝှက်သော စာအိတ်ကြီး" (The Secret Envelope) သည် ပြည်တော်မူ မဂ္ဂဇင်းတွင် စတင်ရေးသားခဲ့ပြီး ပြည်တော်မူ ကုမ္ပဏီမှ ပင် သုံးမတ်တန် လုံးချင်းစာအုပ်အဖြစ် စတင် ထုတ်ဝေခဲ့ပါသည် ။ ဘားမင်းနီးယား ဖလင်ရုပ်ရှင် ကုမ္ပဏီမှ ဒါရိုက်တာဦးထိန် လာရောက် ဝယ်ယူပြီး ရုပ်ရှင်ရိုက်ကူးခဲ့ရာ ၁၉၂၃ ခုနှစ်တွင် ရုံတင်ပြသခဲ့ရသည် ။

ဂျပန်ခေတ်တွင် ကုန်သည် အဖြစ် လုပ်ကိုင်ရင်း အစိုးရ ပြန်ကြားရေးဌာနတွင် လက်ထောက် အယ်ဒီတာ၊ စစ်ပြီးခေတ်တွင် ယနေ့အမျိုးသမီးမဂ္ဂဇင်း၊ သတင်းစုံ (Tib Bit) ဂျာနယ်၊ ဗမာခေတ်နှင့် ရှေ့ဆောင်သတင်းစာများ ၌ သတင်းအယ်ဒီတာ၊ နောက် စာပေဗိမာန်တွင် စာပြု၊ လက်ထောက် စာတည်း စသဖြင့် လုပ်ကိုင်ခဲ့သည် ။ ဒဂုန်ရွှေမျှားသည် ၁၉၁၄ ခုနှစ်မှ အစပြု၍ ကွယ်လွန်သည် အထိ စာရေးသက် (၅၈) နှစ်အတွင်း စာအုပ်လုံးချင်း (၆၀)ကျော် (စုံထောက် ဦးထင်ကျော်၊ ထောင်မင်း

သား ဦးဘိုးထော်၊ ကလိန်မောင်မောင်ထွန်း၊ အင်မ်ကြာရိုး၊ စောရမောင်၊ ကလိမ်ခြိုရှေ့နေ အစရှိသော ပင်ကိုရေးနှင့် မှီငြမ်း ဝတ္ထုတိုပေါင်းချုပ် အပါအဝင် ဝတ္ထုတိုပေါင်း (၄၇၃)ပုဒ်၊ ဘာသာပြန်နှင့် မှီငြမ်းဝတ္ထုတို/ရှည် (၁၁၆) ပုဒ်၊ ဘာသာပြန်နှင့် မှီငြမ်းပြုစာအုပ် (၆၁)အုပ်၊ ပင်ကိုရေးဝတ္ထုစာအုပ် (၁၉) အုပ်၊ ဘာသာပြန်နှင့် ပင်ကိုရေး ဆောင်းပါးပေါင်း (၁၄၇)ပုဒ်၊ ဘဝအတွေ့အကြုံ စာအုပ် (၁) အုပ်)စသဖြင့် ရေးသား ထုတ်ဝေခဲ့ရသည် ။

ဒဂုန်ရွှေမျှားသည် စာပေဆု သုံးကြိမ်ရရှိခဲ့ရာ ၁၉၅၉ ခုနှစ်တွင် စာပေဗိမာန် ဘာသာပြန်ဆုအဖြစ် "ရော်ဘင်ဆင်ကရူးဆိုး" (Robinson Crusoe) စာအုပ်ဖြင့် ပထမဦးဆုံး အကြိမ် ရရှိခဲ့ပြီး၊ ၁၉၆၃ ခုနှစ်တွင် အမျိုးသားစာပေဆု၊ အနုပညာစာပေ ဘာသာပြန် ဝတ္ထုဆုအား "မြို့ဝန်မင်း၏ဘဝခရီး" (The Mayer of Casterbridge) ဝတ္ထုဖြင့် ရရှိခဲ့သည် ။

နောက်ဆုံး ၁၉၇၂ ခုနှစ်တွင် စာပေဗိမာန် စာမူပြိုင်ပွဲ၊ ဘာသာပြန်စာပေဆုအဖြစ် "မွန်းတည့်ရန် (၂) မိနစ်အလို" စာအုပ် (စာမူ) ဖြင့် ဒုတိယဆု ရရှိခဲ့သည် ။

ဝတ္ထုစာပေ လက်ရာများ အပြင် ခရီးသွားစာပေ၊ စာပေသမိုင်းစာပေ "မြန်မာနိုင်ငံ စာပေဆုများ " ပထမတွဲ၊ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာပေ (ဘဝနှင့် အတွေ့အကြုံ (Quality) စာအုပ်တိုက်၊ ၂၀၁၀ ဒုတိယအကြိမ်)၊ ရုပ်ပုံလွှာဆောင်းပါးများ (ဂျာနယ်ကျော် ဦးချစ်မောင်၊ မင်းဆွေ စသဖြင့်) ရေးသားပြုစုခဲ့သည် ။

ဆရာကြီးဒဂုန်ရွှေမျှားသည် ၁၉၈၂ ခုနှစ်၊ မေလ (၂၈) ရက်နေ့တွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်ခဲ့သည် ။ အသက် (၈၇) နှစ် အရွယ်တွင် ကွယ်လွန်ခြင်း ဖြစ်သည် ။ ရုပ်ရှင်ဒါရိုက်တာ စိန်ဖေတင် (ကွယ်လွန်) အ

ပါအဝင် သားသမီး (၅) ဦး ကျန်ရစ်ခဲ့သည် ။

ယခုအခါ ဆရာကြီးရေးသားခဲ့သော စာပေလက်ရာများ အားလုံးအား လက်လှမ်းမီသလောက် ရှာဖွေလျက် Quality စာအုပ်တိုက်မှ တစိုက်မတ်မတ် ထုတ်ဝေလျက်ရှိပါသည် ။

***** ***** *****

## စစ်မုန်းသူ

အောက်တွင် ဖော်ပြအံ့သော "ဖြစ်ရပ်မှန်" ဇာတ်လမ်းကလေးမှာ " အမေရိကန် ပြည်တွင်းစစ်" အတွင်းက ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တစ်ခုကို ပြန်လည် ရေးသားထားခြင်းဖြစ်သဖြင့် ဇာတ်လမ်း၏ အရသာကို စာဖတ်သူများ အပြည့်အဝ ခံစားနိုင်စေရန် အမေရိကန်ပြည်တွင်း စစ်အကြောင်းကို အနည်းငယ်မျှ ရှေးဦးစွာ တင်ပြထားဖို့ လိုအပ်ပေသည် ။

၁၈၆၀ ပြည့်နှစ်တွင် "အီဘရာဟင်လင်ကွန်း"သည် သမ္မတအဖြစ် အရွေးခံရ၏။ ၁၈၆၁-ခုနှစ်မတ်လထဲတွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို၍ ရာထူး လက်ခံဆောင်ရွက်လေသည် ။ ထိုအချိန်က အမေရိကန်တောင်ပိုင်းတွင် ကျေး ကျွန်စနစ်သည် အားကောင်းလျက်ရှိရာ ထိုစနစ်အရ ကပ္ပလီ အသားမည်းများကို ကျွန်များ အဖြစ် အကြီးအကျယ်ရောင်းဝယ်ဖောက်ကားလျက် ရှိကြလေသည် ။

သမ္မတလင်ကွန်းသည် လူနှင့် လူချင်း အရောင်းအဝယ်ပြုသော ဤကျွန် စနစ်ကို မနှစ်သက်ပေ။ ထို့ကြောင့် ၁၈၆၂ ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်နေ့ တွင် ကျွန်အဖြစ်မှ လွတ်လပ်ခွင့်ပေးသော ကြေညာချက်ကို ထုတ်ပြန် လိုက်လေ သည် ။ ထိုအခါ ထုံးစံအတိုင်း တောင်ပိုင်းပြည်နယ်များက သမ္မတ လင်ကွန်းအား မကျေမနပ် ဖြစ်ကြလေသည် ။ ဤအတွင်း တောင်ပိုင်း ပြည်နယ်များ သည် ပြည်ထောင်စုအတွင်းမှ တသီးတခြား ခွဲထွက်၍ ကိုယ်ပိုင်အုပ်ချုပ်ရေး စနစ်ဖြင့် ထူထောင်ရန် ပြင်ဆင်လျက် ရှိကြကုန်၏။

ရှေးဦးစွာ "တောင်ကရိုလိုင်းနား" ပြည်နယ်သည် ပြည်ထောင်စုမှ ပထမဆုံး ခွဲထွက်လေသည် ။ ထို့နောက် ... တောင်ပိုင်းပြည်နယ် (၁၁) နယ်တို့ ကလည်း အလားတူခွဲထွက်ကာ သီးခြားအုပ်ချုပ်ရေး ထူထောင်ကြလေသည် ။ သို့နှင့် ... မြောက်ပိုင်းအစိုးရနှင့် တောင်ပိုင်းအစိုးရတို့ သည် တစ်ဖက်နှင့် တစ်ဖက်ရန်စောင်လျက် ရှိနေကြကုန်၏။

မကြာမီ "ချာလက်စတန်" ဆိပ်ကမ်းရှိ "ဆန်တာခံတပ်"ကို တောင်ပိုင်း အစိုးရ စစ်တပ်များက စတင်တိုက်ခိုက်ကြရာမှ "အမေရိကန်ပြည်တွင်းစစ်ကြီး" စတင်ဖြစ်ပွား လေတော့၏။ မြောက်ပိုင်းအစိုးရက တောင်ပိုင်း စစ်တပ်များအား "ကွန်ဖိဒရိတ်"(သူပုန်) ဟု ကင်ပွန်းတပ်၍ တောင်ပိုင်းကလည်း မြောက်ပိုင်းသား တို့ အား "ယန်းကီး"ဟု ခေါ်လေ့ရှိကြ၏။ မြောက်ပိုင်းစစ်တပ်များ ၏ ယူနီဖောင်းမှာ အပြာရောင်ဖြစ်၍ တောင်ပိုင်းစစ်တပ်များ ၏ ယူနီဖောင်းမှာ မီးခိုးရောင်ဖြစ်လေ သည် ။

၁၈၆၅-ခုနှစ် နွေရာသီတွင် တောင်ပိုင်းစစ်တပ်များ လက်နက်ချအရှုံးပေး လိုက်သဖြင့် အမေရိကန်ပြည်တွင်းစစ်ကြီး ပြီးဆုံးလေသည် ။ စစ်ပြီးသောအခါ အသားမည်း လေးသန်းခန့် ကျွန်အဖြစ်မှ

လွတ်မြောက်ကြလေသတည်း။

* * *

ကျွန်မ၏ စားဖိုဆောင်ကျပ်ခိုးစင်ပေါ်တွင် ရှေးဟောင်းကော်ဖီမှုန့် ကြိတ်စက်ကလေး တစ်လုံးရှိ၍ ထိုစက်ကလေးကို ဗာဂျီးနီးယားပြည်နယ်ရှိ အိမ်အိုကြီး တစ်လုံးအတွင်းမှ ရရှိခဲ့၏။ ၎င်း၏ အောက်ခြေအံဝှက်အတွင်း၌ ကား မှုန်မွှားသော လက်ရေးဖြင့် ရေးသားထားသည့် စာတစ်စောင်ရှိလေသည် ။

ရေးထားသောမင်မှာ ဘယ်ရီသီးကို ဖျော်စပ်သည့် မင်ဖြစ်သည့် ပြင် စာရွက်မှာ လည်း ကြေမွနေလေပြီ။ ဤသို့ကြေမွရသည့် အကြောင်းမှာ ထိုစာကို လူတစ်ယောက်၏ အင်္ကျီကြယ်သီး တစ်လုံးအတွင်းတွင် ဝင်အောင်ထည့်၍ ယူလာရသဖြင့် အထပ်ထပ်ခေါက်ထားရသောကြောင့် ဖြစ်၏။ သို့သော် ... တတ်နိုင် သလောက် ဖတ်၍ ရသလောက် ဆိုသော် စာရွက်တွင် ပါရှိသည့် ရက်စွဲမှာ ၁၈၆၄-ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်ဖြစ်၍ ၊ အောက်ပါစာနှစ်ကြောင်းကို အနည်းငယ်ဖတ်၍ ရသေး၏။

"မောင့်အချစ် ဗက်တီ ... ယန်းကီကောင်တွေ မသိအောင် အထူးလျှို့ဝှက်၍ ဤစာကို ပေးပို့လိုက်ပါတယ်"

စာမှာ သုံ့ပန်းစခန်းတစ်ခုတွင် ဖမ်းဆီးခြင်းခံနေရသော "ကွန်ဖိဒရိတ်" ခေါ် သူပုန်ဘက် အရာရှိကလေး တစ်ဦးထံမှ ဗာဂျီးနီးယားနယ်တွင် ကျန်ရစ်ခဲ့သော ၎င်း၏ ဇနီးထံသို့ ရေးလိုက်သောစာ ဖြစ်၏။ ထိုစာကို ခံဝန်ချက်ဖြင့် လွတ်လာသော စစ်သားတစ်ယောက်က အင်္ကျီကြယ်သီးတ

စ်လုံးအတွင်းဝှက်၍ လျှို့ဝှက် စွာ ယူဆောင်လာခဲ့ပြီးနောက် အရာရှိက လေး၏ ဇနီးဖြစ်သူ အသက် (၂၀) ရွယ် မိန်းမချောကလေးတစ်ဦး လက်သို့ပေးအပ်ခဲ့ခြင်း ဖြစ်လေသည် ။

မိန်းကလေး၏ အမည်မှာ "ဗက်တီဗန်မီတာ" ဖြစ်၍ ကပ္ပလီ အဘိုးကြီး လင်မယားကိုသာ အဖော်ပြုနေထိုင်ခဲ့ရရှာ၏။ ထိုမိန်းက လေးသည် ကား နောက်နှစ်လမျှအကြာတွင် အမေရိကန်ပြည်ထောင်စု စစ်သမိုင်းတွင် ထင်ရှားသော ဇာတ်ကောင်တစ်ကောင် ဖြစ်လာမည့် သူ ပေတည်း။ မိန်းကလေးမှာ (ယခုစာရေး သူ)၏ ချစ်လှစွာသောအဒေါ်ဖြ စ်၍ သူသည် အသက် (၈၀) ကျော်အထိ နေသွား ခဲ့လေသည် ။

အဒေါ်ဗက်တီအိမ်သို့ နေ့တိုင်းသွား၍ လည်တိုင်း ၎င်း၏ ငယ်စဉ်က အဖြစ်အပျက် ဇာတ်လမ်း ကလေးကို တင်ပြရန် ကျွန်မက နားပူနားဆာ လုပ်ခဲ့၏။ ထို အခါတွင် အဒေါ်ဗက်တီက "ယန်းကီးတွေကို ငါ မမုန်းပါ ဘူးကွယ်၊ အမုန်းဆုံးက စစ်ပဲ" ဟု အစချီပြီးလျှင် ပြောပြလေသည် ။

**ဂျင်းနစ်ကေဆာ လက်စတာ**
**(အတ္ထုပ္ပတ္တိတင်ပြသူ)**

* * *

သူ့တွင် စစ်ကိုမုန်းတီးရသည့် အကြောင်းရှိ၏။ ဂက်တီးစဘတ်တွင် သူ၏ မောင်တစ်ယောက် ကျဆုံးခဲ့၍ အခြားတစ်ယောက်မှာ အဖမ်းခံခဲ့ရ ၏။ ထို့နောက် သူ၏ ယောက်ျားဖြစ်သူ "ဂျိမ်း"မှာ လည်း အဖမ်းခံခဲ့ရပြန် လေသည် ။ လင်ဖြစ်သူထံမှ လျှို့ဝှက်ပေးပို့လိုက်သော စာမှာ ၎င်းမှာ နာ မကျန်း ဖြစ်နေကြောင်း၊ ကြမ်းတမ်းစွာ နှိပ်စက်ခြင်း ခံရသည့် အကြော

င်းနှင့် အစားအစာမှ လည်း ဝေတ်တစ်လှည့် ပြတ်တစ်ခါ ဖြစ်နေရသည့် အကြောင်းများကို သိရှိရလေသည် ။ ထို့ပြင် သူသည် မည်သည့် အရပ်၌ ရှိနေသည် ကိုလည်း မသိရပေ။ အထက်က ဖော်ပြခဲ့သော စာရွက်က လေး၌ မူ ထိုအကြောင်းများကို ဖတ်၍ မရတော့ချေ။

အထက်ပါ အမျိုးသမီးကလေး၏ အိမ်ရှိရာ သာယာသော "ရှီနန်ဒို" မြေပြန့် လွင်ပြင်၌ ကား တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်တိုက်ပွဲများ သုံးနှစ်ကြာမျှ ဖြစ်ပွားပြီးနောက် လူသူဆိတ်သုဉ်းသည့် လယ်တောနှင့် လုယက်ဖျက်ဆီးထားသည့် မြေယာအိုးအိမ်တို့ သာ ကျီးနှင့် ဖုတ်ဖုတ်ဖြ စ်၍ ကျန်ရစ်ခဲ့တော့၏။ မီးခိုးရောင် ယူနီဖောင်းစစ်တပ်နှင့် အပြာရောင် ယူနီဖောင်းဝတ် စစ်တပ်တို့ သည် ထိုအချိန်ထိ ကြောက်ခမန်းလိလိ တို က်ခိုက်လျက်ရှိကြရာ ခြေဦးတည့်ရာ ထွက်ပြေး လှည့်လည်နေကြသော တပ်ပြေး အုပ်စုများ နှင့် ပြောက်ကျားများကလည်း ဆင်းရဲသားများအား လုယက်သတ်ဖြတ်လျက် ရှိကြ၏။ ဗက်တီမှာ ထိုအချိန်က အထည်ချုပ် လုပ်ရေးနှင့် သူနာပြုတပ်တွင် နေ့စဉ်နှင့် အမျှ မအားမလပ်အောင် တာ ဝန် ထမ်းဆောင်လျက် ရှိခဲ့လေသည် ။ သူနှင့် အတူနေသော ကပ္ပလီအ ဘိုးကြီးလင်မယား အမည်မှာ ဦးလေး "ဒစ်ရန်နား" နှင့် ၎င်း၏ ဇနီး "ဂျ င်နီ"တို့ ဖြစ်၍ တစ်ဖက်သားအပေါ် ကြင်နာသနားတတ်သူများ ဖြစ်၏။ ကူညီစောင်မတတ်၏။

ပူလောင်အိုက်စပ်သော စက်တင်ဘာလကုန်ခါနီး နေ့တစ်နေ့တွင် " ဖက်ဒရယ်" ဆေးတပ်တစ်တပ်သည် ဗက်တီအိမ်မှ မိုင်ဝက်အကွာရှိ တဲ တစ်လုံးအနီးတွင် စခန်းချလာ၏။ ထိုအချိန် သူနာတင်မြင်းလှည်း တစ် စီးအတွင်းမှ လူနာတစ်ယောက်အား သွေးစွန်းသော ထမ်းစင်တစ်ခုဖြင့် ချီမကာ မြေပေါ်သို့ ချထားလိုက်၏။ လွန်ခဲ့သောသုံးရက်ခန့်က ဖြစ်ပွား သော ကြောက်မက်ဖွယ်တိုက်ပွဲတစ်ခုတွင် သူပုန်ဘက်မှ ပစ်လွှတ်လိုက်

သော အမြောက်ဆန် တစ်ခုသည် အသက် (၃၀) အရွယ်ခန့်ရှိ စစ်ဗိုလ်ကလေး "ဟင်နရီဗီဒယ်" အနီးတွင် ကပ်၍ ကျရောက် ပေါက် ကွဲခဲ့၏။ စစ်ဗိုလ်ကလေးမှာ အမှတ် (၁၁) "ဗာမွန့်" အပျော်ထမ်းတပ် လက်

အောက်ရှိ တပ်ခွဲ(ဃ)မှ စစ်ဗိုလ်တစ်ဦး ဖြစ်၏။ အမြောက်ဆန်အစိတ်အပိုင်း တစ်ခုသည် ၎င်း၏ ညာဘက်လက်အတွင်းသို့ ဖောက်ဝင်၍ ကြေမွသွား၏။ အခြား အပိုင်းအစတစ်ခုမှာ ၎င်း၏ လက်ဝဲ ခြေထောက်ကို ပြင်းထန်စွာ ထိမှန်သဖြင့် ပေါင်ရင်းမှ နေ၍ ဖြတ်တောက်ပစ် လိုက်ရလေသည် ။

ဒဏ်ရာရသူအားလုံးအား "ဟာပါး" ကူးတို့ ဆိပ်သို့ ယူဆောင်သွားမည် ပြုသောအခါ ဗီဒယ်မှာ ဝေဒနာခံစားရင်း မိုင် (၂၀) ခရီးကို လိုက်ပါနိုင်လိမ့်မည် မဟုတ်ကြောင်းဖြင့် ဆရာဝန်များက သိရှိနားလည်ထားကြ၏။ သို့နှင့် သူ့အား မလိုအပ်ဘဲ ဒုက္ခခံစားရခြင်းမှ သက်သာ လွတ်ကင်းစေခြင်းငှာ လယ်တဲတစ်ခု၌ အစောင့်စစ်သား တစ်ဦးနှင့် အတူ ထားရစ်ခဲ့ရန် ဆုံးဖြတ်လိုက်ကြ၏။ ထိုအချိန်က လယ်တဲပိုင်ရှင်များမှာ ၎င်းတို့၏ တဲများကို စွန့်ခွာ ထွက်ပြေးသွားကြပြီ ဖြစ်၍ ယခု တက်ရောက် နေထိုင်လျက်ရှိသူမှာ အကျင့်မကောင်းသော မိန်းမပျက် တစ်ယောက်ဖြစ်ရာ ထိုမိန်းမသည် တစ်စုံတစ်ရာ ဝေဖန် စောကြောခြင်း မပြုဘဲ ငွေကို လက်ခံပြီးလျှင် စစ်ဗိုလ်လူနာအား သူ၏ တဲတွင် ခိုလှုံခွင့်ပေး လိုက်လေသည် ။

ဗားမွန့်နယ်သားဖြစ်သူ လူနာစစ်ဗိုလ်ကလေးသည် ကြံ့ခိုင်သန်မာ၍ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသူလည်း ဖြစ်၏။ သူသည် ဆရာဝန်များ ထွက်ခွာမသွားမီ ဗားမွန့်နယ် ဝက်စဖီးမြို့ရှိ သူ၏ ဇနီးထံသို့ နောက်ဆုံး စာတစ်စောင်ကို ၎င်းတို့ အား ရေးသားစေပြီးလျှင် သူ၏ အနီး၌ လည်း စက်

သေနတ် တစ်လက် ထားခဲ့ရန် တောင်းပန် ပြောဆိုလေသည် ။ သူ၏ ရည်ရွယ်ချက်မှာ အကယ်၍ ရန်သူတပ်များ မတော်တဆ ရောက်ရှိလာက ထိုအချိန်တွင် မိမိကိုယ်တိုင် အသက်ရှင်လျက် သတိရှိနေခဲ့ပါမူ ထိုစက်သေနတ်ဖြင့် ခုခံပစ်ခတ်ရန် ဖြစ်၏။ သို့နှင့် သူ့အား တဲခေါင်မိုးနှင့် ကပ်လျက်ရှိသော အထပ်ခိုးကလေးပေါ် ဝှက်ထားခဲ့ကြလေသည် ။ ထို့နောက် သူနာပြုတပ် လှည်းတန်းရှည်ကြီးသည် ရှေ့သို့ ဆက်လက် ထွက်ခွာသွားတော့၏။

အစောင့်စစ်သားနှင့် မိန်းမကြီးတို့ သည် နှစ်ရက်တိုင်တိုင် အရက်သေစာများ သောက်စားကာ ပျော်ရွှင် မြူးထူးနေကြ၏။ လူနာစစ်ဗိုလ်သည် ဝေဒနာခံစားလျက် မည်မျှ ညည်းညူနေသော်လည်း ၎င်းတို့ သည် သူ့အနီးသို့ မကပ်ကြချေ။ တတိယနေ့၌ ကား သူတို့ သည် လူနာစစ်ဗိုလ် သေမည့် အချိန်ကို ဆက်လက် သည်းခံ စောင့်စားမနေနိုင်တော့ဘဲ စွန့်ခွာ ထွက်သွားကြလေတော့၏။ သို့သော် ကပ္ပလီကြီး "ဒစ်ရမ်နား"သည် ဒဏ်ရာရထားသော စစ်ဗိုလ်တစ်ဦးအား လယ်တဲ အတွင်းသို့ သွင်းသွားစဉ်က တွေ့မြင်လိုက်ရသဖြင့် ယခုကဲ့သို့ အစောင့်စစ်သားနှင့် မိန်းမကြီးတို့ စွန့်ခွာသွားကြလေသောအခါ ဗက်တီထံပြေး၍ အကူအညီ တောင်းလေသည် ။

ဗက်တီသည် ဦးလေး ညွှန်ပြသည့် အတိုင်း သွားရောက် ကြည့်ရှုသောအခါ သွေးအလိမ်းလိမ်း ပေကျံလျက် ပတ်တီးများ စည်းထားသည့် ယူနီဖောင်းအပြာ ဝတ်စစ်ဗိုလ်ကိုတွေ့ရသည် ။ ၎င်းမှာ မုတ်ဆိတ်မွေး ဗရပျစ်နှင့် အလွန်ပိန်ချုံး ချည့်နဲ့ နေပြီးလျှင် ဝေဒနာကို ပြင်းစွာခံစားလျက်ရှိနေ၏။

သူငယ်စဉ်က ဖြစ်ပျက်ခဲ့သည့် ယင်းအဖြစ်အပျက်များကို ပြောပြစဉ်

နေရာသို့ ရောက်သောအခါ အန်တီ "ဗက်တီ"သည် နှာခေါင်းရှုံ့လျက်  "အဲဒီတုန်းက အန်တီ့မှာ ထမင်းလုံးတစ္ဆေ အခြောက်ခံရသလိုပါပဲ။ သွေးစွန်းတဲ့ ပတ်တီးတွေ၊ အနံ့ဆိုးကြီးတွေ၊ အို စစ်ဆိုတာဒါပဲပေါ့ တူမရယ်၊ ခရာမှုတ်တာနဲ့ အလံ တလူလူလွင့်တာ စစ် မဟုတ်ဘူး ။ စစ်ဆိုတာ နာကြည်းဖွယ်၊ စက်ဆုပ်ဖွယ်၊ အချည်းနှီး သေဆုံးကြရခြင်း ပဲကွယ်" ဟု ရှုံ့ရှာမှုန်းတီးသည့် ဟန်ဖြင့်ပြောလေ့ရှိ၏။

ဗက်တီ၏ အမြင်တွင် ထိုလူနာသည် ရန်သူမဟုတ်ပါပေ။ သူသည် ဝေဒနာ ခံစားနေရသော လူသားတစ်ဦးမျှသာ ဖြစ်သည် ဟု ယူဆ၏။ ထို့ကြောင့် သူသည် လူနာအားရေတိုက်၏။ အနာများကိုလည်း ဆေးကြောသန့်စင်ပေး၏။ ဤသို့ ပြုလုပ်ပေးပြီးသောအခါ လေကောင်းလေသန့် ရစေရန် အပြင်သို့ ထွက်ခဲ့ပြီးနောက် အိမ်နံရံကို ခေတ္တမျှမှီ၍ နေလိုက်ရသော် မိမိကိုယ်တိုင် ဖျားနာသလိုပင် ဖြစ်လာသဖြင့် အတော်အားတင်း၍ ထားလိုက်ရလေသည် ။

ပြည်ထောင်စုတပ်မှ စစ်ဗိုလ်တစ်ဦး ရောက်ရှိနေကြောင်း "ကွန်ဖီဒရိတ်" အာဏာပိုင်များ ထံ သတင်းပို့ရမည်ကို ဗက်တီကိုယ်တိုင် ကောင်းစွာသိပြီး ဖြစ်၏။ သို့သော် ဤကဲ့သို့ မပြုလုပ်သင့်သည် ကိုလည်း ကောင်းစွာနားလည်ပေ သည် ။

"သူ့မှာ မိန်းမတော့ ရှိမှာ ပဲလို့ ငါတွေးကြည့်မိတယ်။ သူ့မိန်းမဟာ ငါ့လိုပဲ သူ့ ခင်ပွန်း ဘယ်ရောက်နေတယ်ဆိုတာ သိရှာမှာ မဟုတ်ဘူး ။ သူ့မိန်းမဟာ ငါ့လိုပဲ သူ့ခင်ပွန်းကို စောင့်မျှော်နေရှာ လိမ့်မယ်လို့ ကိုယ်ချင်းစာမိတယ် တူမရယ်။ ငါ့ အဖို့ အရေးအကြီးဆုံးကတော့ သူ့ခင်ပွန်းကို သူ့ဆီ အရောက်ပို့ပေးဖို့ ပဲကွယ်" ဟု အန်တီဗက်တီသည် ထိုအချိန်က သူ၏ စိတ်တွင် ခံစားရပုံများကို ပြောပြ၏။

သို့နှင့် သူသည် ဒဏ်ရာရထားသူ ဟင်နရီဗီဒယ်၏ ချုပ်ငြိမ်းတော့မည့် အသက်ငွေ့ငွေ့ကလေးကို ပြန်လည်ရှင်သန်လာစေရန် မိမိတတ်စွမ်းသမျှ စိတ်ရှည်လက်ရှည်ဖြင့် ပါးနပ်လိမ္မာစွာ ဆောင်ရွက်ပြုစု လေတော့၏။ ဗက်တီသည် တစ်နေ့လျှင် သုံးကြိမ်မျှ အထပ်ခိုးပေါ်သို့ တက်ပြီးလျှင် မိမိရှာဖွေရတတ်သမျှ အစားအစာကလေးများကို ပို့၍ ပေး၏။ ဆေးဝါးဟူ၍ ကား လုံးဝမရှိချေ။ ကွန်ဖိဒရိတ်ဆေးရုံမှ လည်း ယူလိုစိတ်မရှိပေ။ သို့သော် မိမိအနေဖြင့် ဤအခြေအနေ သို့ရောက်ပြီးမှ နောက်သို့ပြန်ဆုတ်ရန်လည်း မဖြစ်နိုင်တော့ပေ။ စစ်ဗိုလ်ကလေး ဒီဗယ်ကမူ "ကျွန်တော် ဘယ်ဘက်လက်နဲ့ သေနတ်ပစ်လို့ ရသေးတယ် ခင်ဗျ။ ဒါကြောင့် အသက်ရှင်လျက်နဲ့ တော့ ဘယ်တော့မှ အဖမ်းမခံဘူး" ဟု စိတ်အား မလျှော့ဘဲ ပြောပြဖူးလေသည်။

အားအင်ပြည့်တင်းလာသောအခါ "ဝက်စဖီး"မြို့တွင် ကျန်ရစ်ခဲ့သည့် သူ၏ ဇနီးနှင့် သားသမီးများ အကြောင်းကို စစ်ဗိုလ်ကလေး ဗီဒယ်က ပြောပြလေရာ ဗက်တီကလည်း သူ့မောင်နှစ်ယောက်နှင့် လင်ဖြစ်သူ "ဂျိမ်း"တို့ အကြောင်းကို ပြန်ပြောင်းပြောပြမိလေသည်။

ဤနေရာတွင် အန်တီဗက်တီက "ငါက ငါ့ယောက်ျားဂျိမ်းကို တမ်းတပြီး သူ့အတွက် မသေမပျောက်အောင် ဆုမွန်တောင်းနေသလို သူ့ဇနီးကလည်း သူ့အတွက် နေ့စဉ် ဆုတောင်းနေမှာ ပဲ" လို့ အန်တီက ပြောပြလေသည်။

ဤတောင်ကြား မြေပြန့်ဒေသတွင် အောက်တိုဘာလ ညဉ့်များ သည် တဖြည်းဖြည်း အအေးပို၍ လာတော့၏။ စစ်ဗိုလ်ကလေး၏ အနာများမှာ ငန်းဝင် လာမည်ကို စိုးရိမ်ရ၏။ အပူပေးရန် မီးဖိုမရှိသော ဤတဲငယ်အတွင်း၌ လူနာမှာ အအေးမိ၍ အဆုတ်ရောင်အအေးမိခြင်း

ရောဂါဝင်၍ လာတတ်၏။ သို့နှင့် ဗက်တီသည် လူနာအား မိမိအိမ်သို့ ပြောင်းရွှေ့ရန် ဆုံးဖြတ် လိုက်လေသည် ။

ထိုနေ့ညတွင် ဗက်တီသည် "ဒစ်"နှင့် ဇနီးတို့ ၏ အကူအညီဖြင့် လူနာအား တိတ်တဆိတ် ထုတ်ယူ သယ်ဆောင်ကာ သူ၏ အိမ်အထပ်ခိုးပေါ်ရှိ ခုတင်ပေါ်တွင် အသာအယာသိပ်၍ ထား လိုက်လေသည် ။ အထပ်ခိုးကလေးမှာ ပူနွေးသော မီးဖိုပေါ်တွင် ရှိ၏။ သို့သော် အားမရှိသော လူနာမှာ လှုပ်ရှားလွန်းခြင်း၊ အကာအကွယ် ကင်းမဲ့သည့် နေရာတွင် ကြာမြင့်စွာ နေခဲ့ရခြင်း တို့ ကြောင့် နံနက်မကူးမီပင် အပြင်း ဖျားလေတော့၏။ နေ့လယ်ဘက်တွင် သွေးလေ ချောက်ချားကာ ကယောင်ကတမ်း ဖြစ်လာ၏။ ညဥ့်အချိန်သို့ ရောက်သောအခါ ဗက်တီမှာ မနေသာတော့ချေ။ တစ်ယောက်ယောက်ထံမှ အကူအညီတောင်းမှ ဖြစ်တော့မည်။ သို့မဟုတ်က လူနာမှာ ကြာရှည်ခံတော့မည် မဟုတ်ပေ။ ထို့ကြောင့် မိမိ၏ မိသားစု ဆရာဝန်လည်း ဖြစ်၊ မိတ်ဆွေဟောင်းတစ်ယောက်လည်း ဖြစ်သူ "ဒေါက်တာ ဂရာဟမ်"ဆိုသူထံသို့ စာတစ်စောင်ရေး၍ အကြောင်း ကြား လိုက်လေသည် ။

ဒေါက်တာဂရာဟမ်မှာ လည်း လူတို့ ကျင့်ဝတ်ကို ခံယူသိရှိပြီး ပုဂ္ဂိုလ် တစ်ယောက် ဖြစ်သည့် အတိုင်း အချိန်ဖြုန်း၍ မနေဘဲ ချက်ချင်းပင် လိုက်လာခဲ့လေသည် ။ သူသည် ဒီဗယ်အား သေချာစွာ စမ်းသပ်စစ်ဆေး ကြည့်ရှုပြီးနောက် ဦးခေါင်းကို ညင်သာစွာ ခါယမ်းလိုက်၏။ စနစ်တကျ ဆေးဝါးကုသခြင်း မခံရက လူနာမှာ မျှော်လင့်ချက်အနည်းငယ်သာ ရှိတော့၏။ ကွန်ဖိဒရိတ် အုပ်ချုပ်ရေး နယ်အတွင်း၌ ကား ဤကဲ့သို့ စနစ်တကျ ဆေးဝါးကုသမှုမျိုးကို ထိုအချိန်အခါ မျိုးတွင် ရနိုင်မည် မဟုတ်ပေ။

ဆရာဝန်ရောက်လာသောအခါ ဗက်တီက "ကောင်းပါပြီဆရာ၊ ဒါပေမဲ့ ... ဟာပါး ကူးတို့ ဆိပ်မှာ ရှိတဲ့ ယန်းကီးတွေဆီကို ကျွန်မသွားပြီး လိုအပ်တဲ့ ဆေးဝါးတွေ တောင်းယူပေးပါမယ်" ဟု ပြောလိုက်၏။

ဆရာဝန်ကမူ အမျိုးသမီးမှာ စိတ်မှ နှံ့ပါလေစဟု သံသယဖြစ်မိ၏။ ယူနီယံ စစ်ဌာနချုပ်မှာ ဤနေရာမှ (၁၀) မိုင်နီးပါးမျှကွာဝေးရာ အကယ်၍ သွားရောက်သည့် တိုင် ယန်းကီးများ သည် ၎င်း၏ စကားကို ယုံကြည်မည်မဟုတ်ပေ။

"အင်း ... ဒီလိုဆိုရင် သက်သေခံပစ္စည်းတစ်ခုခု ယူသွားဦးမှ ပဲ"

ဤသို့စဉ်းစားပြီးနောက် ဗီဒယ်၏ အခန်းထဲမှ စစ်ရုံးတံဆိပ် ခတ်နှိပ်ထားသော သွေးစွန်းသော စာရွက်တစ်ရွက်ကို ယူလိုက်ပြီးနောက် "ဒီဟာက သူ့ကို နောက်ဆုံးရာထူး တိုးမြှင့်ပေးတဲ့ မှတ်တမ်းစာရွက်ပဲ။ ဒီဟာကိုပြရင် သူတို့ ယုံကြည်ပါလိမ့်မယ်" ဟု တစ်ကိုယ်တည်းပြောသကဲ့သို့ ပြောလိုက်ပြီးလျှင် စာရွက်ကို ယူခဲ့လေသည် ။ လူနာအတွက် လိုအပ်သော ဆေးဝါးအမျိုးအမည်များကို ဒေါက်တာ ဂရာဟမ်အား ရေးသားစေပြီးလျှင် ဗက်တီသည် နောက်တစ်နေ့ နံနက် ခပ်စောစော အချိန်၌ မြင်းလှည်းကလေး တစ်စီးဖြင့် စတင် ခရီး ထွက်ခဲ့လေတော့၏။

မြင်းများကို အနားပေးရန် အချိန်အနည်းငယ် ရပ်တန့်သည် မှ တစ်ပါး ဗက်တီသည် မြင်းလှည်းကို (၅) နာရီကြာမျှ ခပ်သုတ်သုတ်မောင်းနှင်လာခဲ့၏။ တစ်နေရာတွင် လမ်းဘေးရှိ မြောင်းထဲတွင် အဝတ်အစားစုတ်ပြတ်နေသည့် လူတစ်ယောက် ရုတ်တရက်ထွက်ပေါ် လာပြီးလျှင် မြင်းဇက်ကြိုးကို ဆွဲရန်ကြိုးစားလေရာ ဗက်တီသည် ထိုသူမျက်နှာကို ကြာပွတ်နှင့် တအားရိုက်ချလိုက်၏။ သို့နှင့် သူစီးလာသောမြင်းသည် အလန့်တကြား ဖြစ်ကာ နောက်သို့ ရုန်းကန်ပြေးသဖြင့် လူဆိုးလည်း မြင်း

လှည်းကို မီအောင်မလိုက် နိုင်တော့ဘဲ ကျန်ရစ်ခဲ့လေသည် ။

ဤသို့ဖြင့် ခရီးပြင်းမောင်းနှင်လာရာ နေဝင်ချိန်လောက်တွင် မှ "ဖ က်ဒရယ်" တပ်မှူး၏ ရှေ့သို့ရောက်သွားတော့၏။ ထိုအချိန်တွင် ဗက်တီ သည် အားအင်ကုန် ခန်းလျက် ဗိုလ်မှူးရှေ့တွင် တုန်တုန်ယင်ယင် ရပ် လျက်ရှိလေသည် ။

ဗိုလ်ချုပ်ကြီး ဂျွန်ဒီစတီဗင်ဆင်သည် ဗက်တီ၏ စကားများကို မယုံ သင်္ကာ ဟန်ဖြင့် နားထောင်လျက်ရှိရာမှ "ဒီမယ် မိန်းကလေး၊ ဗီဒယ်ကို အစောင့်ခိုင်းထားပစ်ခဲ့တဲ့ တပ်သားကလေးက ဗီဒယ်ဆုံးသွားပြီးလို့ သ တင်းပို့ပြီးပြီ"ဟု မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်၏။ "သူမသေ သေးပါဘူးရှင်၊ အသက်ရှက်လျက် ရှိနေပါသေးတယ်။ ဒါပေမဲ့ ဒီစာရင်း မှာ ပါတဲ့ ဆေးတွေ မရရင်တော့ သူကြာကြာ နေရမယ် မဟုတ်တော့ပါ ဘူး"

ပထမ၌ ဗိုလ်ချုပ်ကြီးသည် ချီတုံချတုံဖြစ်နေသေးသည် "အင်း ... ခ င်ဗျား ပြောတာ ဟုတ်မဟုတ် သိရအောင် တိုက်ကင်းတွေဘာတွေ လွှတ် ပြီး စုံစမ်းနေရင်လည်း နောက်ထပ် လူ့အသက်တွေ အလဟဿ ဖြုန်း ရာ ရောက်တော့မှာ ပဲ။ ဟော့ ... ဒီမှာ ၊ မစ္စဗက်တီကို သူလိုချင်တဲ့ ဆေးဝါးတွေရအောင် ကြည့်လုပ်ပေးလိုက်စမ်းပါကွယ်" ဟု သူ၏ ကိုယ် ရံတော် စစ်ဗိုလ်တစ်ဦးအား အမိန့်ပေးလိုက် လေသည် ။

ဗိုလ်ချုပ်ကြီးက ဤသို့ အမိန့်ပေးလိုက်သည် တွင် ဗက်တီသည် အ လွန် ကျေးဇူးတင်ကြောင်း ပြန်ပြောသော်လည်း ဗိုလ်ချုပ်ကမူ သူ၏ ကျေးဇူးတင် စကားများကို လက်ခံလိုဟန်မတူချေ။

"ခင်ဗျားဟာ လိမ်ပဲပြောပြော အမှန်အတိုင်းပဲပြောပြော တကယ့်သ တ္တိခဲ အမျိုးသမီး တစ်ယောက်ပဲဗျို့၊ ကဲ ... ကဲ ... သွားပေတော့"

ဤသို့ဖြင့် ဒေါက်တာဂရာဟမ်သည် ဇက်တီယူဆောင်လာသော ဆေးဝါးများ ဖြင့် ဗီဒယ်အားပြုစုကုသကာ အကျပ်အတည်းမှ လွန်မြောက်စေခဲ့လေသည် ။ နောက်(၁၀)ရက်ခန့် အကြာတွင် ဗီဒယ်သည် ဦးလေး "ဒစ်" ပြုလုပ်ပေးသော ချိုင်းထောက်ကြီးကို အားပြုကာ ခုန်ဆွခုန်ဆွ လမ်းလျှောက်နိုင်လေပြီ။

ထိုအခါတွင် မှ ဇက်တီအိမ်တွင် ယူနီဖောင်းအပြာဝတ် လူစိမ်းတစ်ဦး ရောက်ရှိနေကြောင်း ကောလာဟလ သတင်းများ သည် ပြန့်ပွားလာတော့၏။ ထိုသတင်းသည် ဒေါက်တာဂရာဟမ်ထံသို့ ရောက်သွားရာ နောက်တစ်ကြိမ်အလာ၌ သူ သည် ခရီးရောက်မဆိုက်ပင် ဇက်တီအား အောက်ပါစကားများကို တုံးတိတိ ပြော လိုက်လေသည် ။

"အင်း ... ဇက်တီ၊ ခင်ဗျားတော့ ကောင်းကောင်း ကြီး ဒုက္ခရောက်တော့မယ်"

"ဟုတ်ပါတယ် ... ခင်ဗျား၊ ကျွန်တော့်အတွက် ခင်ဗျား ဒုက္ခရောက်ပါလိမ့်မယ်။ ခင်ဗျားတို့ ကို ကျွန်တော် ရှေ့ဆက်ပြီး ဒုက္ခပေး မနေချင်တော့ပါဘူး။ အခု ကျွန်တော် ခရီးသွားနိုင် လောက်အောင် ကျန်းမာလာပါပြီ။ ပြီးတော့ ကျွန်တော့်မှာ အကြံတစ်ခုလည်း ရှိပါတယ်"

သို့နှင့် စစ်ဗိုလ်ကလေး ဗီဒယ်က သူ၏ အကြံကို အောက်ပါအတိုင်း ပြောပြ လေသည် ။

ထိုအချိန်၌ ၎င်းတို့ နှင့် အိမ်နီးချင်းဖြစ်သူ လယ်သမားကြီး မစ္စတာ "ဆမ်း" ဆိုသူမှာ ၎င်းပိုင် လားအချို့ကို ယူနီယံ (ပြည်ထောင်စု) တပ်သားများက ခိုးယူသွားခြင်းခံရကြောင်း၊ ဤသို့ဖြင့် အဘိုးကြီး "ဆမ်း"မှာ ပျောက်ဆုံးသွားသော လားများ အတွက် နှမြောတသ ပူဆွေးလျက် ရှိနေကြောင်း၊ သို့တွင် သူ့တွင် လှည်း တစ်စီးနှင့် လားတစ်ကောင် ကျန်ရစ်ခဲ့

သေးကြောင်း၊ အကယ်၍ လယ်သမားကြီး ဆမ်းသည် သူ၏ လှည်းဖြင့် မိမိအား ဟားပါးကူးတို့ ဆိပ်ရှိ ယူနီယံ စစ်ဌာနချုပ်သို့ ပို့ဆောင်ပေးပါက ပျောက်ဆုံးသွားသော လားများကို ခြေကျိုးနေသော ယန်ကီး အရာရှိ တစ်ဦးဖြစ်သူ မိမိနှင့် လဲယူနိုင်ကြောင်း၊ ဤသို့လျှင် လယ်သမားအဘိုးကြီးမှာ ပျောက်ဆုံးသွားသော လားများကို ပြန်ရမည့်ပြင် မိမိမှာ လည်း ယူနီယံ စစ်ဌာနချုပ်သို့ ရောက်ရှိသွားမည် ဖြစ်၍ နှစ်ဦးနှစ်ဖက် အကျိုးရှိပြီးလျှင် အဆင်ပြေနိုင်ကြောင်း၊ အဘိုးကြီးမှာ ကောင်းစွာ စိတ်မပါလှသော်လည်း ယခုအခါ သဘောတူညီမှုရရှိပြီ ဖြစ်ကြောင်းဖြင့် ထုတ်ဖော် ပြောပြလေသည် ။

ထို့နောက် ဗက်တီအား နောက်ဆုံးအကြံတစ်ခုကို ပြောပြရာ ထိုအကြံမှာ ပျောက်ဆုံးနေသော ဗက်တီယောက်ျားကို ရှာဖွေရန် မိမိနှင့် အတူ ဗက်တီ ကိုယ် တိုင် လိုက်ပါစေလိုခြင်းပင် ဖြစ်၏။

"ဒီမယ် ဗက်တီ၊ စစ်က ပြီးသလောက်နီးနီးဖြစ်နေပြီဆိုတော့ ကျွန်တော်ဟာ ခင်ဗျား ယောက်ျားကို မတွေ့တွေ့အောင်ရှာပေးပါမယ်။ ဒါကြောင့် ခင်ဗျားပါ တစ်ခါတည်း ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

ဗ က ်တ ီမ ၂ ၁ ရုတ်တရက်ဝေခွဲမရနိုင်ဘဲ အတန်ကြာ စဉ်းစားလျက်နေပြီးမှ နောက်ဆုံး သဘောတူ လိုက်လေသည် ။

ကပ္ပလီကြီး ဦးလေးဒစ်သည် လှည်းတွင် မြင်းနှစ်ကောင် တပ်ဆင်နိုင်ရန် စီမံပြုလုပ်လေသည် ။ လယ်သမားကြီးဆမ်း၏ လားတစ်ကောင်နှင့် ဗက်တီပိုင် သော မြင်းမကလေးကို နှစ်ကောင်တွဲ၍ လှည်းတွင် တပ်ဆင်လိုက်၏။ စစ်ဗိုလ်ကလေးဗီဒယ်မှာ ထင်းရှူးသေတ္တာကြီး အတွင်းသို့ဝင်ကာ အပေါ်မှ ကောက်ရိုးများ ဖုံး၍ လိုက်ပါလာရာ သူနှင့် အတူ သူ၏ ချိုင်းထောက်ကြီးနှင့် သေနတ်လည်း ပါ လာလေသည် ။

လမ်းခရီးမှာ အလွန်ပင် ကြမ်းတမ်းသဖြင့် ဖင့်နွေးကန်လှ၏။ မြင်းလှည်းလေးသည် ခလုတ်ကန်သင်းများကို ကျော်ဖြတ်ကာ ခရီးပြင်းနှင်ခဲ့ရာ ယူနီယံရှေ့တန်း စစ်ကြောင်းရှိရာသို့ တဖြည်းဖြည်း ချဉ်းကပ်လာမိလေပြီ။ သို့သော် ထိုနေရာသို့ မရောက်မီ တစ်နာရီခန့်အလိုတွင် မြင်းကိုယ်စီ စီးနင်းလာသော လူနှစ်ယောက် ပေါ်ပေါက် လာပြီးနောက် တစ်ယောက်က ပစ္စတိုသေနတ်ဖြင့်ချိန်ကာ ခရီးသည် များ ထံမှ ပါသမျှငွေများကို ထုတ်ပေးရန် တောင်းဆိုလေ၏။ အခြားတစ်ယောက်ကမူ လယ်သမားအဘိုးကြီး မစ္စတာဆမ်းအား မြင်းလှည်းပေါ်မှ ဆွဲချလေသည်။

ဗက်တီသည် အံ့အားသင့်ကာ မလှုပ်မယှက် ကြက်သေ သေလျက်ရှိစဉ် ၎င်း၏ နောက်ဘက်မှ "ဒိုင်း" ခနဲ သေနတ်သံတစ်ချက်ထွက်ပေါ်လာရာ ၎င်း ကိုယ်တိုင်မှာ ပြောင်းဝနှင့် နီးကပ်လွန်းသဖြင့် ပူလောင်သော ယမ်းငွေ့အရှိန်ကိုပင် ထိတွေ့ခံစားလိုက်ရ၏။ မြင်းစီးဓားပြသည် မြေပေါ်သို့ ကျွမ်းပြန်ကျသွားပြီး နောက် ဒုတိယထွက်ပေါ်လာသော သေနတ်သံတစ်ချက်သည် လည်း အခြား တစ်ယောက်အား ထိမှန်ကာ ထိုသူလည်း မြေပေါ်သို့တလိမ့်ခေါက်ကွေး ကျသွားပြန်လေသည် ။ ဗက်တီသည် လှည့်၍ ကြည့်လိုက်ရာ သေနတ်ပြောင်းကို အောက်သို့နှိမ့်ချကာ ခေါင်းပေါ်မှ ကောက်ရိုးနှင့် မြက်ခြောက်များကို ဖယ်ရှား၍ ထွက်လာသော ဗီဒယ်ကို တွေ့လိုက်ရလေသည် ။

"ကဲ ... လူဆိုးတွေကိစ္စချောပါပြီ။ ကျွန်တော်တို့ ရှေ့ကို ခရီးဆက်ကြပါစို့"

မြင်းလှည်းကလေးသည် ခရီး ဆက်လက်ထွက်ခွာလာရာ မကြာမီ ယူနီယံရှေ့တန်း စစ်မျက်နှာသို့ ရောက်ရှိသွားလေသည် ။

စစ်သားများ သည် လယ်သမားအသွင်ရှိနေသော အဘိုးကြီးတစ်ယောက်နှင့် ပင်ပန်း နွမ်းနယ်နေသည့် ရုပ်ရည်ချောမောသော အမျိုးသမီးတစ်ဦးကို တွေ့မြင်ရသောအခါ အံ့အားသင့်ကာ ငေးမောကြည့်ရှုလျက် ရှိနေကြ၏။ ထိုအချိန်တွင် ကောက်ရိုးသေတ္တာကြီး အတွင်းမှ လက်ကျိုးခြေကျိုးနှင့် ယူနီယံစစ်ဗိုလ် တစ်ဦးထွက်လာသောအခါ ယခင်ကထက် ပို၍ အံ့အားသင့်ကြလျက် ရှိကြကုန် ၏။

စစ်ဗိုလ်ကလေး ဗီဒယ်၏ မျက်လုံးများမှာ သူအမှုထမ်းသော စစ်တပ်မှ နိုင်ငံတော်အလံကို မြင်လိုက်ရသည် နှင့် သူ၏ မျက်လုံးများမှာ ဝမ်းမြောက်ခြင်း ပြင်းစွာဖြင့် ဝင်းထိန်တောက်ပ၍ သွားလေသည် ။

စစ်ဗိုလ်ကလေး ဗီဒယ်အား ဝါရှင်တန်မြို့သို့ ပို့လိုက်၏။ ထိုမြို့သို့ ရောက်၍ စစ်အတွင်းဝန် အက်ဒွင်အမ်စတန်တွန်အား သူ၏ အဖြစ်အပျက်များကို ပြန်ပြောပြလေရာ အတွင်းဝန်သည် ဗက်တီထံသို့ ကျေးဇူးတင်ကြောင်း စာတစ်စောင်ကို ချက်ချင်းရေးသားလိုက်၏။ ထို့ပြင် သူ၏ ခင်ပွန်းဖြစ်သူ ဂျိမ်းကိုလည်း လွှတ်ပစ်ရန် အမိန့်ထုတ်လေသည် ။ သူ၏ ယောက်ျားဂျိမ်းကို ရှာဖွေရန်အတွက် ဗက်တီထံ အထူးမီးရထားတစ်စင်းလည်း စေလွှတ်ပေး၏။ ထိုမျှသာမက စစ်ဗိုလ်ကလေး ဗီဒယ်ကိုလည်း ဗက်တီနှင့် အတူ လိုက်ပါကူညီရန် စီမံပေးလေသည် ။

စစ်သုံ့ပန်းများ ထဲတွင် ပျောက်ဆုံးနေသော သူတစ်ယောက်ကို ရှာဖွေရန်ကား မလွယ်ကူလှချေ။ မှတ်တမ်းများကို ကြည့်ရှုသောအခါ ဂျိမ်းဗန်မီတာဆိုသူ တစ်ယောက်အား အိုဟိုင်းယိုနယ်မှ သုံ့ပန်းစခန်း တစ်ခုသို့ ပို့ထားကြောင်း တွေ့ရှိရ၏။ သို့သော် ထိုစခန်းတွင် ဗက်တီရှေ့၌ လူစီတန်းပြစေသောအခါ မတွေ့ ရချေ။ နောက်တစ်ဖန် အခြား သုံ့ပန်းစခန်းတစ်ခု၌ ထပ်မံရှာဖွေပြန်ရာ ထိုနည်းအတူပင် မတွေ့ရချေ။

မိမိယောက်ျားမှာ တစ်နေ့ရာတွင် သေလေပြီလောဟု ဗက်တီတွေးမိ၏။ သို့သော် အားမလျှော့ဘဲ "ဒီဝလ်"ခံတပ်စခန်းသို့ရောက်၍ လူများကို တန်းစီပြသောအခါ တန်း၏ အဆုံးမှ အသားအရေ ပိန်ချုံးလျက် မျက်လုံးဟောက်ပက်နှင့် လူတစ်ယောက်သည် လူတန်းထဲမှ ပြေးထွက်လာပြီးလျှင် ဗက်တီ၏ ရင်ခွင်ထဲ သို့ တိုးဝင် လာပြီးနောက် ပျော့ခွေလဲကျသွားလေသည် ။ ဗက်တီသည် မျက်ရည် အသွယ်သွယ်ကျဆင်းလျက် ထိုသူအားကိုင်တွယ်ဖေးမ ယုယလျက်ရှိရာ အနီးတွင် ချိုင်းထောက်ကို ထောက်ကာ ရပ်၍ စောင့်နေသော စစ်ဗိုလ်ကလေး ဟင်နရီဗီဒယ် ကိုယ်တိုင်ပင် မျက်ရည်များကျမိရှာ၏။

ထို့နောက် သုံးဦးသားတို့ သည် မီးသင်္ဘောဖြင့် ပြန်လည် ရောက်ရှိလာကြပြီးလျှင် ထိုမှ တစ်ဆင့် ဗားမွန့်မြို့ရှိ ဗီဒယ်၏ အိမ်သို့ မီးရထားဖြင့် လာခဲ့ကြလေသည် ။ မိသားစု နှစ်စုအကြားတွင် ခိုင်မြဲနက်ရှိုင်းသော ခင်မင်ရင်းနှီးမှုသည် တစ်နေ့ထက်တစ်နေ့ ကြီးမားလာတော့၏။ အချိန်အတန်ကြာသောအခါ ဗီဒယ် ဇနီးမောင်နှံတို့ တွင် နောက်ထပ် ကလေး နှစ်ယောက် ဖွားမြင်ရရှိခဲ့၏။ ထိုအချိန်မှ စ၍ နှစ်ပေါင်း (၅၀) ခန့်မျှ ကြာသည့် တိုင်အောင် မိသားစုနှစ်စုသည် ဆွေမျိုးရင်းချာတမျှ တစ်ဖက်နှင့် တစ်ဖက် အလွန်ရင်းနှီးချင်ခင်လျက် ရှိကြလေသည် ။

(မှတ်ချက် ။ ။ ၁၉၆၉ ခု၊ ဇန်နဝါရီလထုတ် ရီးဒါးဒိုင်ဂျက်မှ "ဂျင်းနစ် ကေဆာလက်စတာ" ရေးသော အဖြစ်အပျက်မှန်ကို ဆီလျော်အောင် ဘာသာပြန်သည် ။ နိဒါန်းကိုရှာဖွေပြုစု တင်ပြသည် )

**(အတွဲ-၁၇၊ အမှတ်-၈/ ၁၉၆၉ ခုနှစ် ဇန်နဝါရီလ၊ မြဝတီမဂ္ဂဇင်း)**

*****